## မော်တော်ဆိုင်ကယ်၊ သုံးဘီးတပ်ယာဉ်၊ ထရော်လာဂျီယာဉ်များ၏ မှတ်ပုံတင်နံပါတ်ပြားများကို အင်္ဂလိပ်အက္ခရာဂဏန်းများဖြင့် ပြောင်းလဲဆောင် ရွက်ပေးသည့်ကိစ္စ

၁။ မော်တော်ယာဉ်များ၏ ဖောင်းကြွနံပါတ်ပြားများတွင် အသုံးပြုလျက်ရှိသော မြန်မာအက္ခရာဂဏန်းများအား အင်္ဂလိပ်အက္ခရာဂဏန်းများသို့ ပြောင်းလဲခြင်းကို ရာသက်ပန်အငှားယာဉ်၊ သာသနာရေးယာဉ်၊ နိဗ္ဗာန်ယာဉ် စသဖြင့် အဆင့်ဆင့်ပြောင်းလဲ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

၂။ ထိုသို့ပြောင်းလဲရာတွင် ကျန်ရှိနေသော သုံးဘီးတပ်ယာဉ်၊ ထရော်လာဂျီယာဉ်များ၏ မှတ်ပုံတင်နံပါတ်ပြားများကို မြန်မာအက္ခရာဂဏန်းမှ သက်ဆိုင်ရာဒေသ သင်္ကေတ အင်္ဂလိပ်အက္ခရာနှင့်ဂဏန်းသို့ ပြောင်းလဲခြင်းအား ၂.၁.၂၀၁၉ ရက်မှ စတင်ပြောင်းလဲ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

၃။ လက်ရှိမော်တော်ဆိုင်ကယ်များ၏ မှတ်ပုံတင်နံပါတ်ပြား(၂)ချပ်အစား ခေတ်ကာလမော်တော်ဆိုင်ကယ် ဒီဇိုင်းများနှင့် ကိုက်ညီစေရန်အတွက်လည်းကောင်း၊ အချို့နိုင်ငံများတွင်လည်း မော်တော်ဆိုင်ကယ်၏ နောက်ဖက်တွင်(၁)ချပ်သာ တပ်ဆင်လေ့ရှိခြင်းတို့ကြောင့်လည်းကောင်း၊ နောက်ဖက်တွင် နံပါတ်ပြား (၁)ချပ်သာ တပ်ဆင်သည့်စနစ်သို့ ပြောင်းလဲပြင်ဆင်၍ မှတ်ပုံတင်နံပါတ်ပြားများကို မြန်မာအက္ခရာဂဏန်းမှ သက်ဆိုင်ရာဒေသ သင်္ကေတ အင်္ဂလိပ်အက္ခရာနှင့်ဂဏန်းသို့ ပြောင်းလဲခြင်းကို ၁၀.၁.၂၀၁၉ ရက်မှ စတင်ပြောင်းလဲ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ မော်တော်ဆိုင်ကယ်၊ သုံးဘီးတပ်ယာဉ်၊ ထရော်လာဂျီယာဉ်များ၏ သက်ဆိုင်ရာဒေသ သင်္ကေတ အင်္ဂလိပ်အက္ခရာနှင့်ဂဏန်းသို့ ပြောင်းလဲခြင်းကို အောက်ပါအတိုင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည် -

(က) ကနဦးယာဉ်မှတ်ပုံတင် လာရောက်ဆောင်ရွက်ချိန်တွင် ပြောင်းလဲပေးခြင်း၊

(ခ) နှစ်လဲသက်တမ်းတိုးချိန်တွင် ပြောင်းလဲပေးခြင်း၊

(ဂ) ပိုင်ရှင်ဆန္ဒအရ အင်္ဂလိပ်နံပါတ်ပြား လာရောက်လျှောက်ထားပါက ပြောင်းလဲပေးခြင်း၊

(ဃ) အခြားစီမံခန့်ခွဲရေးနည်းလမ်းအရ ပြောင်းလဲရန် ကွန်းအားပေးခြင်း။

## ပြောင်းလဲတပ်ဆင်မည့် မှတ်ပုံတင်နံပါတ်ပြား နမူနာများ

MDY- 42W
12345

မော်တော်ဆိုင်ကယ်

MDY - 13U
12345

သုံးဘီးတပ်ယာဉ်

MDY
10V- 00001

ထရော်လာဂျီ